**Development Alliance Myanmar**

# HUMAN RIGHTS VIOLATION CASE ANALYSIS REPORT 2023



# Acknowledgement Letter

I am writing to express my gratitude and appreciation for the comprehensive and insightful Human Rights Violation Case Analysis Report submitted to Development Alliance (DA) Myanmar. This report, which functions as a critical analysis of purported human rights violations, has been indispensable to our pursuit of justice and accountability. First and foremost, I would like to express my gratitude to the diligent team of human rights violation case documenters and correspondents who compiled the data for this report. Your dedication to defending human rights and advancing justice is truly admirable. Your efforts have shed light on the severe injustices confronted by vulnerable populations and provided crucial evidence for taking action against the perpetrators of these violations.

In addition, I would like to acknowledge the assistance and cooperation of local community organizers, witnesses, and victims who provided valuable information and assistance during the compilation of this report. Through such alliances, we can increase the impact of our efforts and form a united front against human rights violations. The report's insights and recommendations have substantially increased our comprehension of the complexities surrounding human rights violations. As a consequence, we are in a better position to develop strategies and policies to prevent similar violations in the future.

This report is an essential step in the pursuit of justice and accountability for those whose rights have been violated. I believe DA Myanmar is committed to using this analysis report as a basis for advocacy, awareness-raising, and engagement with relevant stakeholders, and to ensuring that the findings are extensively disseminated. I recognize that the compilation of this report was not without challenges and obstacles. Your perseverance, commitment, and tenacity in overcoming these obstacles are highly commendable. Your dedication to this cause is an inspiration to us all and affirms our shared dedication to defending and upholding human rights.

In conclusion, I would like to emphasize the significant impact that the Human Rights Violation Case Analysis Report has had on our comprehension of human rights issues. It will serve as a guide for policymakers, activists, and other stakeholders, urging them to take concrete steps to protect the rights and dignity of all people. I extend my deepest gratitude to everyone who contributed to the creation of this invaluable report. Your work transcends the pages of this report and serves as a beacon of hope for everyone affected by human rights violations. Thank you for your unwavering commitment and dedication to advancing human rights and justice. I look forward to continuing our partnership and collaboration in our shared mission to protect and advance the fundamental rights and dignity of all individuals.

**Report Consultant**

# Content


I. Acknowledgement

II. Executive Summary

III. Introduction

IV. Case Analysis Summary

V. Challenges

VI. Findings

VII. Recommendations

# Human Rights Violation Case Analysis Report



## Executive Summary


This human rights violation case analysis report highlights the human rights situation of vulnerable groups and makes important recommendations for the promotion and protection of those people in Myanmar. As part of this effort, Development Alliance (DA) Myanmar trained 29 case documenters, who are young leaders and activists, on how to document incidents of human rights abuses and how to record or fill out Google forms. Case documenters documented 75 human rights violations in Kachin, Kayin, Rakhine, Bago, and Mandalay states and divisions, focusing on 15 cases in each. Cases are collected through community outreach, local community organizers, phone enquiries, and the internet, from victims, family members, witnesses, news, and other sources. The case collection accuracy ranges from 1 to 10. 1 to 4 is the least accuracy, 5 to 7 is the average accuracy, and 8 to 10 is the most accuracy. The least accuracy range is 3%, the average accuracy is 16% and the most accuracy is 81%. 75 human rights violation cases involve men, women, and LGBTIQ individuals, with 48 cases involving men, 18 involving women, 8 involving those who identify as LGBTIQ, and 1 involving a person who prefers not to say gender identity. Out of 75 human rights violations, 5 involved children under the age of 18, 17 involved people between 18 and 25, 20 involved people between the ages of 26 and 35, and 33 involved people above the age of 35. Human rights violations affect marginalized groups like children, elderly people, ethnic minorities, internally displaced persons (IDPs), LGBTIQs, women, and other vulnerable groups. Of those marginalized groups, women and ethnic minority groups are most affected, with 5 cases affecting children, 1 affecting elderly people, 17 affecting ethnic minorities, 6 affecting IDPs, 8 affecting LGBTIQs, 16 affecting women, and 22 affecting other vulnerable groups.


For the purpose of this report, the human rights violations are categorized into eight types: forced removal, arbitrary arrest and detention, torture, harmful effects on young children, killing and enforced disappearance, sexual violence, restriction of freedom of movement, and others. Common human rights violations include arbitrary arrest and detention, torture, killing, and enforced disappearance. The eight types of human rights violations are classified by state and division, gender, age, and vulnerable groups. Rakhine has the highest number of arbitrary arrests and detentions, followed by Mandalay, Kayin, and Bago. Kachin has the highest torture rate, Kayin has the highest rate of killings and enforced disappearances, and Mandalay has the most forced removals. Men and women faced seven out of eight human rights violations, while LGBTIQ individuals faced four: arbitrary arrest and detention, torture, sexual violence, and restriction of freedom of movement. Based on the statements collected, human rights violations are most prevalent among those aged over 35, with arbitrary arrest and detention being the most common. Torture rates are highest among 18–25-year-olds, while people over 35 have the lowest. Over 35-year-olds face forced removal, while under-18s face harmful effects on young children. Killing and forced disappearance, and restriction of freedom of movement are more common among those aged 18–25. Sexual violence also occurs in age groups between 26–35 and over 35. Arbitrary arrest and detention are highest among women, followed by ethnic minorities. Torture rates are highest among other group and LGBTIQ group. Forced removal, killing, and forced disappearance, as well as sexual violence are prevalent among women, ethnic minority groups, and LGBTIQ individuals.


# I. Introduction

DA Myanmar is a local organization that works with youths in Myanmar to fight for democracy and human rights and to support youth development and sustainable development in Myanmar. The 'Readiness Ensuring Development' project was implemented by DA Myanmar with the financial support of FHI 360. DA Myanmar trained 29 case-documenters who are youth leaders and activists on how to document cases of human rights violations and how to record or fill out Google forms as part of its initiative. After receiving training as case documenters, they were required to collect human rights violation cases from the states of Kachin, Kayin, Rakhine, and the divisions of Bago and Mandalay and submit them to their supervisors. The supervisors supervised the case documenters and provided them with technical guidance regarding case verification. Through community outreach, a local community organizer, phone calls, the internet, and other means, cases are collected. Cases are collected from victims, family members of victims, those who witnessed the case, those who heard the case, the news, and other sources. Case collection accuracy is 3% of the least accurate (Scale 1-4), 16% of the average accuracy (Scale 5-7), and 81% of the most accurate (Scale 8- 10). The 'Human Rights Violation Case Analysis Report' was produced by DA Myanmar based on cases collected by case documenters, verified by case supervisors, and analyzed and written by a consultant.




Accuracy of Case Collection
70
60
50
40
30
20
10
0
The least accuracy (1-4)
Average (5_7)
The most accuracy (8_10)


% of Accuracy of Case Collection
3%
16%
81%
The least accuracy (1-4)
Average (5_7)
The most accuracy (8_10)

## II. Case Analysis Summary

| State/Division where Cases Happened | |
|---|---|
| **State/Division** | **Total case** |
| Kachin | 15 |
| Kayin | 15 |
| Rakhine | 15 |
| Bago | 15 |
| Mandalay | 15 |
| **Total** | **75** |

The case documenters collected cases of human rights violations from the states of Kachin, Kayin, and Rakhine, as well as the divisions of Bago and Mandalay. There are a total of 75 cases: 15 in Kachin, 15 in Kayin, and 15 in Rakhine State; 15 in Bago; and 15 in Mandalay Division.

| Total Cases According to Gender | |
|---|---|
| **Gender** | **Total case** |
| Men | 48 |
| Women | 18 |
| LGBTIQs | 8 |
| Prefer Not to Say | 1 |
| **Total** | **75** |

There are 75 cases of human rights violations involving men, women, and LGBTIQ individuals. There are 48 cases involving men, 18 involving women, 8 involving LGBTIQ individuals, and one involving a person who prefers not to say gender identity.

| Total Cases According to Age | |
|---|---|
| **Age** | **Total case** |
| <18 | 5 |
| 18-25 | 17 |
| 26-35 | 20 |
| >35 | 33 |
| **Total** | **75** |

Out of 75 cases of human rights violations, 5 involve children under the age of 18, 17 involve people between the ages of 18 and 25, 20 involve people between the ages of 26 and 35, and 33 involve people above the age of 35.


| Total Cases According to Vulnerable Groups | |
|---|---|
| **Vulnerable Groups** | **Total case** |
| Children | 5 |
| Elderly people | 1 |
| Ethnic minority | 17 |
| IDPs | 6 |
| LGBTIQs | 8 |
| Women | 16 |
| Other | 22 |
| **Total** | **75** |

In the documented cases, children, elderly people, ethnic minorities, IDPs, LGBTIQs, women and other vulnerable groups are victims of human rights violations. 4 cases pertain to children, 2 cases pertain to elderly people, 17 cases pertain to ethnic minorities, 6 cases pertain to IDPs, 8 cases pertain to LGBTIQs, 17 cases pertain to women, and 12 cases pertain to other vulnerable groups. Women and ethnic minority groups are the vulnerable groups most affected by human rights violations.

| Types of Human Rights Violation Cases | |
|---|---|
| **Types of human rights violation** | **Total case** |
| Forced removal | 4 |
| Arbitrary arrest & detention | 33 |
| Torture | 18 |
| Harmful effects on young children | 3 |
| Killing & enforced disappearance | 8 |
| Sexual violence | 2 |
| Restriction of freedom of movement | 4 |
| Other | 3 |
| **Grand Total** | **75** |

There are eight types of human rights violations: 'forced removal', 'arbitrary arrest and detention', 'torture', 'hazardous effects on young children', 'killing and forced disappearance, sexual violence, restriction of freedom of movement', and 'other'. 4 cases involve forced removal, 33 involve arbitrary arrest and detention, 18 involve torture, 3 involve harmful effects on young children, 8 involve killing and forced disappearance, 2 involve sexual violence, 4 involve restrictions on freedom of movement, and 3 involve other types of human rights violations. The most common forms of human rights violations are arbitrary arrest and detention, torture and killing, and enforced disappearance.


**Types of Human Rights Violation Classified by State/Division**




The rate of arbitrary arrests and detentions was highest in Rakhine State, followed by Mandalay Division, Kayin State, and Bago Division. Kachin State has the highest rate of torture, followed by Bago and Mandalay Divisions. Kayin State had the highest rate of killings and enforced disappearances, followed


by Rakhine State and Bago Division. The state of Kayin has the most restrictions on freedom of movement and killing & enforced disappearance.

**Types of Human Rights Violation Classified by Gender**




Men and women experienced seven of the eight types of human rights violations, excluding sexual violence. LGBTIQ individuals confronted four kinds of human rights violations, including arbitrary arrest and detention, torture, sexual violence, and restriction of freedom of movement. Arbitrary arrest and detention are the most common forms of human rights violations for men and women, while torture is the most common form of human rights violation for LGBTIQ individuals.


**Type of Human Rights Violation Classified by Age**




Among eight types of human rights violations, cases of arbitrary arrest and detention were most prevalent among those aged over 35, second most prevalent among those aged 26–25, and third most prevalent among those aged 18–25. 18- to 25-year-olds had the highest incidence of torture, followed by 26- to 3 5-year-olds, and people older than 35 had the lowest incidence. The age group over 35 experienced a type of forced removal, while the age group under 18 experienced harmful effects on young children. Cases of killing and enforced disappearance were most prevalent among those aged over 35, while cases

of restriction of freedom of movement were most prevalent among those aged 18–25. Sexual violence occurred between the age groups of 26–35 and over 35.

**Types of Human Rights Violation Classified by Vulnerable Groups**




The prevalence of arbitrary arrest and detention amongst vulnerable groups was highest among women, followed by ethnic minorities and other groups. The greatest rates of torture are among other vulnerable groups and LGBTIQ groups. Forced removal was most prevalent among women, while types of killing and forced disappearance were most prevalent among other ethnic minority groups. Sexual violence is most prevalent in the LGBTIQ group, while freedom of movement restrictions and other human rights violations are most prevalent among ethnic minority groups.

## III. Challenges

The military coup has had negative effects on civil society organizations (CSOs), particularly those working on human rights, justice, and democracy promotion. The CSOs face legal, financial, physical and security challenges. The period after the military coup has compromised the gains made by human rights activists over the years and has weakened CSOs in Myanmar. Even if officially registered, CSOs cannot conduct activities freely at all national and subnational levels or access funding through bank accounts, despite the fact that prior laws did not mandate CSOs' legal registration. The rule of law fails to protect the existence and operation of CSOs. As a CSO itself, DA Myanmar confronts challenges such as the legal environment, operations and implementation, financial viability, stakeholder engagement, and accountability. As young activists, it is challenging for them to collect and document cases of human rights violations due to security concerns, a lack of trust among victims, and the difficulty of arranging secure interview locations.

## IV. Findings

According to the case stories,

- The victims were subjected to threats, arbitrary detention, arrest, torture, and killing.
- The victims are subjected to extortion and coerced bribes by predatory policemen while they are being detained and investigated.
- During the detention and investigation, the victims are subjected to a variety of types of torture, including physical assault, verbal abuse, and sexual assault.
- Without warning, the civilians' homes were demolished, and they were forced to relocate.
- The houses of civilian people were burned down intentionally.
- Most victims facing criminal charges have been charged with 505 A Penal Code.
- The individuals who violate human rights are those in positions of authority, such as soldiers, police officers, and ward administrators.
- As a result of torture, the victims are suffering from trauma, feelings of insecurity, and insomnia.
- Due to the repercussions of torture during detention and investigation, some of the victims are becoming disabled.
- Some of the victims are sentenced to 10 to 30 years in prison and are unhealthy there.
- In prisons, food and medication are insufficient for the victims.
- As a result of forced removal, most victims have to construct makeshift tents and reside in the land of their acquaintances.
- Victims of human rights violations want organizations to assist them in obtaining justice, redress, and assistance with justice aid.

**The voices of the victims**

***"We require justice, remedy, and responsibility. Human rights violators must be held accountable for their actions."***

An LGBTIQ individual

***"My husband was shot in front of me and my children. My children were astonished and unable to breathe out of terror. My house was devastated by military soldiers. As an IDP, I was not assisted by anyone. It is extremely challenging for me to look after my children and survive. We are suffering from hunger now."***

An IDP woman

***"We require urgent humanitarian aid, such as for IDPs. My son was unable to attend school and lost his entitlement to education in the IDP camp."***

An IDP man

***"During interrogation, the soldiers forced me to recline on the iron furnace and set me ablaze. They kicked me in the face and stomach."***

A man

***"I was accused and arrested for 505 A. Despite having been released from prison, I feel insecure and am apprehensive that I will be arrested again. As soon as I was released from prison, most employers refused to engage me. Obtaining employment is extremely difficult for me. The international community should aid the people of Myanmar in this time of crisis."***

A man

***"Because I spoke out against the military regime, I was arres ted. They tortured me for days, and the memory still gives me nightmares.***

A man

***"Our village was destroyed by fire. We lost all of our possessions. They compelled us to flee, and we subsequently became refugees in our own nation."***

An IDP man

***"I was detained for no apparent reason. I was beaten and subjected to arduous interrogations. They wanted me to admit to a crime I did not commit."***

A man

***"I lost my home, my loved ones, and my sense of security. Our village was attacked by the military, and we were forced to flee with only the clothing on our backs."***

An IDP woman

***"When the military attacked our village, we were compelled to evacuate. Our homes and crops were destroyed, and we were forced to evacuate with nothing but the clothing on our backs."***

An IDP man

***"We have resided on this land for generations, but the military intends to force us out. Our residences and harvests were destroyed, leaving us with nothing."***

A woman

## V. Recommendations

**CSOs/NGOs (DA Myanmar)**

- To continue educating youth activists in human rights advocacy and documentation and raise awareness about social justice in accordance with the current situation.
- To provide training on digital and physical security to young activists and human rights defenders.
- To implement risk assessment and mitigation measures for youth activists and organization personnel.
- To strengthen the youth network and form an alliance for justice-related endeavors.
- To provide psychosocial support and counselling services, especially tailored to traumatized victims in the context of violent conflict or violence, including gender-based violence.
- To support communications funding, including data top-up, SIM cards, mobile phones, VPN, encrypted email, etc., to ensure connectivity to essential networks.
- To provide justice advice and support on accessing the justice system and human rights protection mechanisms, as well as safety support and guidance on personal data protection (offline and online).

**International NGOs and donors**

- To be flexible in how CSOs structure their proposed activities and to evaluate them within the context of CSO actors having secure gathering spaces.
- To allow greater flexibility for procurement, financial, and reporting requirements, particularly to minimize security and other risks to CSOs.
- To assist CSOs in enhancing their digital security, including financing, or providing digital security training and supporting the purchase of equipment and software such as virtual private networks, encrypted email, and secure communication channels.
- To support programs of protection against sexual exploitation and abuse and gender-based violence prevention.
- To support emergency food, cash, and shelter options to mitigate displacement and loss of livelihood.
- To provide support for human rights violations monitoring mechanisms to ensure that human rights violations are documented.
- To continue investing in the development of CSOs and their continued viability.
- To assist CSOs in enhancing their digital security, including financing or providing digital security training and supporting the purchase of equipment and software such as virtual private networks, encrypted email, and secure communication channels

# လူ့အခွင့်အရေးချိုးဖောက်မှု ဆန်းစစ်ချက်အစီအရင်ခံစာ
# ၂၀၂၃
# ဖွံ့ဖြိုးမှုမိတ်ဖက်(မြန်မာ)

## အသိအမှတ်ပြု ကျေးဇူးတင်လွှာ

ကျွန်ုပ်သည် Development Alliance (DA) Myanmar သို့ တင်သွင်းရေးသားပြုစုခဲ့သည့် ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိုးထွင်းသိမြင်နိုင်သော လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေ ဆန်းစစ်ခြင်း အစီရင်ခံစာအတွက် အထူးပင်ကျေးဇူးတင်ရှိကြောင်းအား ဖော်ပြလိုသည့်အတွက် ရေးသားခြင်းဖြစ်ပါသည်။ ဤအစီရင်ခံစာသည် လူ့အခွင့်အရေးချိုးဖောက်မှုများအပေါ် ဝေဖန်ပိုင်းခြားစိတ်ဖြာမှုအဖြစ် လုပ်ဆောင်သည့် ကျွန်ုပ်တို့၏တရားမျှတမှုနှင့် တာဝန်ခံမှုကို လိုက်စားရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ဦးစွာပထမအနေနှင့် ဤအစီရင်ခံစာအတွက် အချက်အလက်များကို ပြုစုပေးခဲ့သည့် လုံ့လဝီရိယရှိသော လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ မှတ်တမ်းတင်ပြုစုသည့်အဖွဲ့အား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ လူ့အခွင့်အရေး ကာကွယ်ရေးနဲ့ တရားမျှတမှု မြှင့်တင်ရေးတွင် သင်တို့၏ စေတနာသည် အမှန်တကယ်ပင် လေးစားစရာကောင်းပါသည်။ သင်၏ကြိုးပမ်းအားထုတ်မှုများသည် ထိခိုက်လွယ်သောသူများ ရင်ဆိုင်နေရသော ပြင်းထန်လှသည့် မတရားမှုများကို မီးမောင်းထိုးပြခဲ့ပြီး အဆိုပါချိုးဖောက်မှုများကို ကျူးလွန်သည့်သူများအား အရေးယူနိုင်ရန်အတွက် အရေးကြီးသောအထောက်အထားများကို ရယူထားနိုင်ခဲ့ပါသည်။

ထို့အပြင် ဤအစီရင်ခံစာကို ရေးသားပြုစုနေစဉ်အတွင်း အဖိုးတန်သတင်းအချက်အလက်နှင့် လိုအပ်သည့်အကူအညီများကို ပံ့ပိုးပေးခဲ့ပါသော ဒေသခံရပ်ရွာလူထုဦးဆောင်သူများ၊ မျက်မြင် သက်သေများနှင့် ကျူးလွန်ခံရသူများ၏ ပူးပေါင်းဆောင်ရွက်မှုကို အသိအမှတ်ပြုလိုပါသည်။ ထိုသို့သော မဟာမိတ်များမှတဆင့် ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုများ၏ အကျိုးသက်ရောက်မှုကို တိုးမြှင့်စေပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆန့်ကျင်သည့် စည်းလုံးညီညွတ်သော ရှေ့တန်းကို ဖွဲ့စည်းနိုင်သည်။ အစီရင်ခံစာ၏ ထိုးထွင်းသိမြင်မှုနှင့် အကြံပြုချက်များသည် လူ့အခွင့်အရေးချိုးဖောက်မှုများ ပတ်ဝန်းကျင်ရှိ အရှုပ်အထွေးများအပေါ် ကျွန်ုပ်တို့၏ နားလည်နိုင်စွမ်းကို သိသိသာသာ တိုးမြှင့်လာစေပါသည်။ အကျိုးဆက်အနေဖြင့် ကျွန်ုပ်တို့သည် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော အလားတူချိုးဖောက်မှုများကို ကာကွယ်နိုင်ရန်အလို့ငှာ မဟာဗျူဟာများနှင့် မူဝါဒများကို ဖော်ဆောင်ရန်အတွက် ပိုမိုကောင်းမွန်သောအနေအထားတွင် ရှိနေပါသည်။

ဤအစီရင်ခံစာသည် အခွင့်အရေးချိုးဖောက်ခံရသူများအတွက် တရားမျှတမှုနှင့် တာဝန်ခံမှုရရှိရေးတွင် မရှိမဖြစ်လိုအပ်သော ခြေလှမ်းတစ်ခုဖြစ်သည်။ DA-Myanmar သည် ဤခွဲခြမ်းစိတ်ဖြာချက်အစီရင်ခံစာကို စည်းရုံးလှုံ့ဆော်မှု၊ အသိပညာပေးမှုနှင့် သက်ဆိုင်ရာများနှင့် ထိတွေ့ဆက်ဆံမှုများအတွက်သာ အခြေခံအဖြစ် အသုံးပြုရန် ကတိပြုထားကြောင်းဖြစ်သည်ကို ကျွန်ုပ်ယုံကြည်ပါသည်။ ဤအစီရင်ခံစာကို စုစည်းပြုစုရာတွင် စိန်ခေါ်မှုများနှင့် အတားအဆီးများမရှိသည်မှာ မဟုတ်ကြောင်း ကျွန်ုပ်နားလည်သိရှိပါသည်။ ဤအတားအဆီးများကို သင်၏ခွဲ၊ ကတိကဝတ်နှင့် ဖွဲလုံ့လတို့ဖြင့် ကျော်လွှားခဲ့သည်မှာ အလွန်ပင် ချီးကျူးစရာကောင်းပါသည်။ ထိုသို့သောကိစ္စအတွက် သင်တို့၏ကတိကဝတ်သည် ကျွန်ုပ်တို့အားလုံးအတွက် လှုံ့ဆော်မှုတစ်ခုဖြစ်စေပြီး လူ့အခွင့်အရေးကို ကာကွယ်ခြင်းနှင့် စောင့်ရှောက်ခြင်းအတွက် ကျွန်ုပ်တို့၏ တူညီသော ကတိကဝတ်ကို အခိုင်အမာ အတည်ပြုပါသည်။

နိဂုံးချုပ်အနေဖြင့် ဤလူ့အခွင့်အရေးချိုးဖောက်မှု ခွဲခြမ်းစိတ်ဖြာမှု အစီရင်ခံစာသည် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအား နားလည်သဘောပေါက်နိုင်မှုအပေါ် သက်ရောက်မှုရှိသည် ဖြစ်ကြောင်း အလေးပေးပြောကြားလိုပါသည်။ ယင်းအစီအရင်ခံစာသည် မူဝါဒချမှတ်သူများ၊ တက်ကြွလှုပ်ရှားသူများနှင့် အခြားသက်ဆိုင်သူများအတွက် လမ်းညွှန်ချက်တစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပြီး လူသားအားလုံး၏ ရရှိသင့်သော အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် တိကျသောခြေလှမ်းများကိုလုပ်ဆောင်ရန် တိုက်တွန်းထားသည်။ ဤတန်ဖိုးမဖြတ်နိုင်သော အစီရင်ခံစာကို ဖန်တီးရာတွင် ပါဝင်ကူညီသူ တစ်ယောက်ချင်းစီတိုင်းအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ ဤအစီရင်ခံစာ၏ စာမျက်နှာများကို ကျော်လွန်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ထိခိုက်ခံစားရသူတိုင်းအတွက် မျှော်လင့်ချက် မီးရှူးတန်ဆောင်အဖြစ် ဆောင်ရွက်ရမည်မှာ သင်တို့၏အလုပ်ဖြစ်ပါသည်။ လူ့အခွင့်အရေးနှင့် တရားမျှတမှုကို မြှင့်တင်ရန် သင်တို့၏ မယိမ်းယိုင်သော ကတိကဝတ်နှင့် ကြိုးပမ်းအားထုတ်မှုများအတွက်လည်း ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့၏ တူညီသော မစ်ရှင်ဖြစ်သည့် လူတစ်ဦးချင်းစီ၏ အခြေခံအခွင့်အရေးများနှင့် ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ရန်နှင့် တိုးတက်မြင့်မားလာစေရန်အလို့ငှာ ကျွန်ုပ်တို့သည် မိတ်ဖက်များအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားရန် မျှော်လင့်လျှက်ရှိပါသည်။

**အစီရင်ခံစာရေးသားသူ**

## မာတိကာ

၁။ အသိအမှတ်ပြုကျေးဇူးတင်လွှာ
၂။ အစီရင်ခံစာအနှစ်ချုပ်
၃။ မိတ်ဆက်
၄။ ဖြစ်စဉ်ဆန်းစစ်လေ့လာမှုအနှစ်ချုပ်
၅။ စိန်ခေါ်မှုများ
၆။ တွေ့ရှိချက်များ
၇။ အကြံပြုချက်များ

# လူ့အခွင့်အရေး ချိုးဖောက်ခံရမှု အစီရင်ခံစာ

## ၁။ အစီရင်ခံစာ အနှစ်ချုပ်

ဤလူ့အခွင့်အရေး ချိုးဖောက်ခံရမှု ဆန်းစစ်ချက်အစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်းရှိ ထိခိုက်လွယ်သော လူအုပ်စုများ၏ လူ့အခွင့်အရေးအခြေအနေများကို မီးမောင်းထိုးပြထားပြီး ၎င်းအုပ်စုများအား အကာအကွယ်ပေး မြှင့်တင့်ပေးရန်အတွက် အရေးကြီးသော အကြံပြုချက်ဖြစ်ပါသည်။ ၎င်းအစီရင်ခံအတွက် ဖွံ့ဖြိုးမှုမိတ်ဖက် (မြန်မာ) မှ လူငယ်ခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများဖြစ်သည့် အချက်အလက်ကောက်ယူသူ ၂၉ ဦးအား လူအခွင့်အရေးချိုးဖောက်ခံရမှု ဖြစ်စဥ်များအား မှတ်တမ်းတင်ရန်နှင့် ၎င်းမှတ်တမ်းများအား Google Form တွင် အချက်အလက်ဖြည့်သွင်းခြင်း နည်းစနစ်များအား လေ့ကျင့်သင်ကြားပေးခဲ့သည်။ အချက်အလက် ကောက်ခံသူများသည် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ဖြစ်စဥ်များအလိုက် ပြည်နယ်နှင့်တိုင်း တစ်ခုချင်းစီတွင် ၁၅ ခုစီဖြင့် စုစုပေါင်း ဖြစ်စဥ် ၇၅ ခုအား အချက်အလက်ကောက်ယူခဲ့ပါသည်။ ဖြစ်စဥ်များအား ရပ်ရွာလူထုနှင့် ဒေသအဖွဲ့အစည်း ဦးဆောင်သူများ၊ ကျူးလွန်ခံရသောသူများ၊ ကျူးလွန်ခံသူများ၏ မိသားစုဝင်များနှင့် မျက်မြင်သက်သေများအား ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခြင်း၊ အင်တာနက်မှတစ်ဆင့်မေးမြန်းခြင်း၊ အခြားသော သတင်းအရင်းအမြစ်များ အစရှိသည်တို့အပေါ်တွင် အခြေခံကာ ကောက်ယူခဲ့ခြင်းဖြစ်ပါသည်။ ဖြစ်စဥ်များ၏ တိကျမှန်ကန်မှုစံနှုန်းအား ၁ မှ ၁၀ ထိ သတ်မှတ်ထားပါသည်။ ၁ မှ ၄ သည် တိကျမှန်ကန်မှု အနည်းဆုံးဖြစ်ပြီး၊ ၅ မှ ၇ သည် ပျှမ်းမျှ တိကျမှုစံနှုန်း နှင့် ၈ မှ ၁၀ သည် တိကျမှန်မှုအဖြစ်ဆုံးဖြစ်သည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ၇၅ ခု တွင် အမျိုးသား၊ အမျိုးသမီးနှင့် လိင်စိတ်ခံယူမှုကွဲပြားသူများ အသီးသီးပါဝင်မှုများအနက် အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၁၈ ဦး၊ လိင်စိတ်ခံယူမှုကွဲပြားသူ ၈ ဦးနှင့် ကိုယ်ပိုင်ဖြစ်တည်မှုအား ဖော်ပြထားခြင်းမရှိသူ ၁ ဦး:တို့ ပါဝင်ကြသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှု ၇၅ ခုတွင် အသက် ၁၈ နှစ်မပြည့်သေးသော ကလေးငယ် ၅ ဦး၊ အသက် ၁၈ မှ ၂၅ အတွင်း လူ ၁၇ ဦး၊ အသက် ၂၆ မှ ၃၅ အတွင်း လူ ၂၀ ဦး၊ ၃၅နှစ် အထက် လူ ၃၃ ဦး တို့ ပါဝင်ကြသည်။ လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများသည် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ တိုင်းရင်းသား လူနည်းစုများ၊ စစ်ဘေးရှောင်များ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် ထိခိုက်လွယ်သော အုပ်စုများကဲ့သို့ ဖယ်ကျဥ်ထားခံရသော အုပ်စုများကိုထိခိုက်စေပါသည်။ ထို့ကဲ့သို့ ဖယ်ကျဥ်ထားခံရသောအုပ်စုများအနက် အမျိုးသမီးများနှင့် တိုင်းရင်းသားလူနည်းစုများသည် ထိခိုက်မှုအများဆုံးဖြစ်ပြီး၊ ကလေးသူငယ်များအားထိခိုက်မှု ၅ ခု၊ သက်ကြီး ရွယ်အိုများအားထိခိုက်မှု ၁ ခု၊ တိုင်းရင်းသားလူနည်းစုများအား ထိခိုက်မှု ၁၇ ခု၊ စစ်ဘေးရှောင်များအား ထိခိုက်မှု ၆ခု၊ လိင်စိတ်ခံယူမှုကွဲပြားသူများထိခိုက်မှု ၈ ခု၊ အမျိုးသမီးများထိခိုက်မှု ၁၆ ခု နှင့် အခြားထိခိုက်လွယ်သော အုပ်စုများ ထိခိုက်မှု ၂၂ ခု တို့ ပါဝင်ကြသည်။


ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်အရ လူ့အခွင့်အရေးချိုးဖောက်မှုများအား အတင်းအဓမ္မ ဖယ်ရှားခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ကလေးသူငယ်များအပေါ်အန္တရာယ်သက်ရောက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့်အစအနဖျောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လွတ်လပ်စွာသွားလာခွင့်များအား ပိတ်ပင်တားဆီးခြင်း နှင့် အခြားသောကိစ္စရပ်များဟူ၍ အမျိုးအစား ၈ မျိုး ခွဲခြားသတ်မှတ်ထားသည်။ အဖြစ်များသော လူ့အခွင့်အရေးချိုးဖောက်မှုများသည် မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း နှင့် သတ်ဖြတ်မှုများ ဖြစ်ကြသည်။ လူ့အခွင့်အရေးချိုးဖောက်ခံမှုအမျိုးအစား ၈ မျိုးအား တိုင်းနှင့်ပြည်နယ်အလိုက် အသက်အရွယ်၊ ကျား/မ ဖြစ်တည်မှု နှင့် ထိခိုက်လွယ်သော အုပ်စုများအပေါ် အခြေခံ၍


ခွဲခြားသတ်မှတ်ထားသည်။ မတရားဖမ်းဆီးချုပ်နှောင်ခြင်းသည် ရခိုင်ပြည်နယ်တွင် အများဆုံးဖြစ်ပွားပြီး အခြားတိုင်းနှင့် ပြည်နယ်များ ဖြစ်သော မန္တလေးတိုင်း၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင်လည်း တွေ့ရှိရသည်။ ကချင်ပြည်နယ်တွင် ညှင်းပန်းနှိပ်စက်မှုနှုန်းသည် အမြင့်ဆုံးဖြစ်သည်။ ကရင်ပြည်နယ်တွင် သတ်ဖြတ်ခြင်းနှင့်အစအနဖျောက်ခြင်း ဖြစ်ရပ်များ အများဆုံးဖြစ်ပွားခဲ့ပြီး မန္တလေးတိုင်းတွင် အတင်းအဓမ္မ ဖယ်ရှားခံရမှုများ အများဆုံးဖြစ်ပွားခဲ့သည်။ အမျိုးသားများနှင့် အမျိုးသမီးများသည် လူ့အခွင့်အရေးချိုးဖောက်ခံရမှု ၈ ခု အနက် ၇ ခု နှင့် ကြုံတွေ့နေရပြီး လိင်စိတ်ခံယူမှုကွဲပြားသူများမှာလည်း မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် လွတ်လပ်စွာသွားလာခွင့်များအား ပိတ်ပင်တားဆီးခြင်းများ ကြုံတွေ့နေရသည်။ ကောက်ယူထားသော အချက်အလက်များအပေါ်အခြေခံ၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှု အဖြစ်အများဆုံးမှာ အသက် ၃၅ နှစ်အထက်ဖြစ်ပြီး မတရားဖမ်းဆီးချုပ်နှောင်ခံရခြင်းများမှာ အများဆုံးဖြစ်ပွားခဲ့သည်။ ညှင်းပန်းနှိပ်စက်ခံရမှုနှုန်းမှာ အသက် ၃၅ နှစ် အထက်တွင် အဖြစ်နည်းသော်လည်း အသက် ၁၈ နှစ်နှင့် ၂၅ နှစ် အတွင်း လူငယ်များတွင် အများဆုံးကြုံတွေ့ရသည်။ အသက် ၃၅ နှစ် အထက်များသည် အတင်းအဓမ္မ ဖယ်ရှားခံရမှုများနှင့် ကြုံတွေ့နေရပြီး အသက် ၁၈ နှစ်အောက် ကလေးများသည်လည်း အသက်အန္တရာယ်ရှိသော သက်ရောက်မှုများဖြင့် ကြုံတွေ့ရသည်။ သတ်ဖြတ်ခံရခြင်းနှင့် အစအနဖျောက်ခြင်း၊ လွတ်လပ်စွာ သွားလာခွင့်များအား ပိတ်ပင်တားဆီးခြင်း အစရှိသည့်ဖြစ်စဥ်များသည် အသက် ၁၈ နှစ် နှင့် ၂၅ နှစ်ကြားရှိ လူငယ်များ အများဆုံးကြုံတွေ့နေရသည်ဖြစ်သည်။ လိင်းပိုင်ဆိုင်ရာ အကြမ်းဖက်မှုများသည် အသက် ၂၆ နှစ်နှင့် ၃၅ နှစ် ကြား လူငယ်များနှင့် အသက် ၃၅ နှစ်အထက်လူများ အများဆုံးကြုံတွေ့ရသည်။ လိင်စိတ်ခံယူမှု ကွဲပြားသူအုပ်စုများတွင် ညှင်းပန်းနှိပ်စက်ခံရမှုနှုန်းသည် အမြင့်ဆုံးဖြစ်သည်။ အတင်းအဓမ္မ ဖယ်ရှားခံရခြင်း၊ သတ်ဖြတ်ခြင်းနှင့် အစအနဖျောက်ခြင်းစသော ကိစ္စရပ်များအလားတူ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် အမျိုးသမီးများ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် တိုင်းရင်းသားလူနည်းစုများ အကြားတွင် ချိုးဖောက်ခံနေရသော အရာများဖြစ်ကြသည်။


## ၂။ မိတ်ဆက်ခြင်း


ဖွံ့ဖြိုးမိတ်ဖက် (မြန်မာ) သည် မြန်မာနိုင်ငံအတွင်းရှိ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ကြိုးပမ်းနေကြသော လူငယ်များနှင့် တွဲဖက်လုပ်ကိုင်နေပြီး မြန်မာနိုင်ငံနှင့်လူငယ်များ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ပေးနေသော ပြည်တွင်းအရပ်ဖက်လူမှုအဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ဖွံ့ဖြိုးမိတ်ဖက် (မြန်မာ) သည် FHI360 ၏ ထောက်ပံ့မှုဖြင့် **'Readiness Ensuring For Development'** စီမံကိန်းအား အကောင်အထည်ဖော် လုပ်ဆောင်ခဲ့သည်။ ဖွံ့ဖြိုးမှုမိတ်ဖက် (မြန်မာ)မှ လူငယ်ခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူများဖြစ်သည့် အချက်အလက် ကောက်ယူသူ ၂၉ ဦးအား လူအခွင့်အရေးချိုးဖောက်ခံရမှု ဖြစ်စဥ်များအား မှတ်တမ်းတင်ရန်နှင့် ၎င်းမှတ်တမ်းများအား Google Form တွင် အချက်အလက်ဖြည့်သွင်းခြင်း နည်းစနစ်များအား လေ့ကျင့်သင်ကြားပေးခဲ့သည်။ အချက်အလက်ကောက်ယူခြင်းသင်တန်းပြီးဆုံးသွားသည့်အခါ အချက်အလက်ကောက်ခံသူများသည် ကချင်၊ ကရင်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်း နှင့် မန္တလေးတိုင်းများမှ လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းရန်

လိုအပ်ပြီး ကောက်ယူထားသောအချက်အလက်များ မှန်ကန်မှု ရှိမရှိအား ကြီးကြပ်ရေးမှူးများထံမှ အတည်ပြုချက်ရယူရန် လိုအပ်ပါသည်။ ကြီးကြပ်ရေးမှူးများသည် အချက်အလက်ကောက်ယူသူများကို ကြီးကြပ်ရပြီး ကောက်ယူထားသောဖြစ်စဥ်များ၏ တိကျမှန်ကန်မှုအား အတည်ပြုနိုင်ရန် နည်းပညာအကူအညီများဖြင့် အကူအညီပေးရသည်။ ရပ်ရွာလူထုအခြေပြုစည်းရုံးရေးမှူးများနှင့် အရပ်ဖက်အဖွဲ့အစည်းဦးဆောင်သူများ၏ အကူအညီဖြင့် ဖုန်းဖြင့် မေးမြန်းခေါ်ဆိုမှုများ၊ အင်တာနက်ကွန်ယက်များနှင့် အခြားနည်းလမ်းများမှတစ်ဆင့် ဖြစ်စဥ်များကို ကောက်ယူခဲ့သည်။ ထို့အပြင် ကျူးလွန်ခံရသူများ၊ ကျူးလွန်ခံရသူများ၏ မိသားစုဝင်များ၊ ဖြစ်စဥ်အဖြစ်အပျက်များအား သိရှိသော မျက်မြင်သက်သေများ၊ သတင်းများနှင့် အခြားသော သတင်းအရင်းအမြစ်များမှတစ်ဆင့် ဖြစ်စဥ်အချက်အလက်များအား ကောက်ယူခဲ့ပါသည်။ ဖြစ်စဥ်အချက်အလက်များ၏ ၃ ရာခိုင်နှုန်း မှန်ကန်မှုအညွှန်းကိန်းမှာ ၁ မှ ၄ ဖြစ်သည်။ ၁၆ ရာခိုင်နှုန်း၏ မှန်ကန်မှု အညွှန်းကိန်းမှာ ၅ မှ ၇ ဖြစ်ပြီး ၈၁ ရာခိုင်နှုန်း၏ မှန်ကန်မှုအညွှန်းကိန်းမှာ ၈ မှ ၁၀ ဖြစ်သည်။ ယခု လူ့အခွင့်အရေးချိုးဖောက်ခံရမှု ဆန်းစစ်ချက်အစီရင်ခံစာသည် အချက်အလက်ကောက်ခံသူများမှ ကောက်ယူထားသော အချက်အလက်များဖြစ်ပြီး ကြီးကြပ်ရေးမှူးများမှ ဆန်းစစ်အတည်ပြုထားသော ဖြစ်စဥ်များကိုသာ အတိုင်ပင်ခံမှ ရေးသားထားပြီး ဖွံ့ဖြိုးမိတ်ဖက် (မြန်မာ)မှ ထုတ်ဝေသောအစီရင်ခံစာ တစ်စောင်ဖြစ်ပါသည်။




အချက်အလက်ကောက်ယူမှု အရင်းအမြစ်များ
50%
21%
17%
8%
Victims
Family members of victim
Witnesses who heard the case
Witnesses who saw the case
News
Other


ဖြစ်စဉ်အချက်အလက်များ၏ တိကျမှု အညွှန်းကိန်း
70
60
50
40
30
20
10
0
The least accuracy (1-4)
Average (5_7)
The most accuracy (8_10)




## ၃။ ဖြစ်စဉ်ဆန်းစစ်လေ့လာမှု အနှစ်ချုပ်

| တိုင်းနှင့်ပြည်နယ်အလိုက် ဖြစ်စဉ်ဖြစ်ပွားမှု | |
|---|---|
| တိုင်း/ ပြည်နယ် | ဖြစ်စဉ်စုစုပေါင်း |
| ကချင် | ၁၅ |
| ကရင် | ၁၅ |
| ရခိုင် | ၁၅ |
| ပဲခူး | ၁၅ |
| မန္တလေး | ၁၅ |
| စုစုပေါင်း | ၇၅ |

အချက်အလက်ကောက်ခံသူများသည် လူ့အခွင့်အရေးချိုးဖောက်ခံရမှုဖြစ်စဉ်များကို ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်များအပြင် ပဲခူးတိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ ဖြစ်စဉ်များကိုပါ ကောက်ယူခဲ့ကြသည်။ တိုင်းနှင့်ပြည်နယ်တစ်ခုချင်းစီတွင် ဖြစ်စဉ် ၁၅ ခုစီနှုန်းဖြင့် စုစုပေါင်း ဖြစ်စဉ် ၇၅ ခု ကောက်ယူခဲ့ကြသည်။

| ကျား/မ အလိုက်ဖြစ်စဥ်ပွားမှုများ | |
|---|---|
| **လိင်** | **ဖြစ်စဥ်စုစုပေါင်း** |
| အမျိုးသား | ၄၈ |
| အမျိုးသမီး | ၁၈ |
| လိင်စိတ်ခံယူမှုကွဲပြားသူများ | ၈ |
| လိင်ဖြစ်တည်မှုအားဖော်ပြလိုခြင်း မရှိသူ | ၁ |
| **စုစုပေါင်း** | **၇၅** |

လူ့အခွင့်အရေးချိုးဖောက်ခံရမှု ၇၅ ခု တွင် အမျိုးသား၊ အမျိုးသမီးနှင့် လိင်စိတ်ခံယူမှုကွဲပြားသူများ အသီးသီးပါဝင်မှုများအနက် အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၁၈ ဦး၊ လိင်စိတ်ခံယူမှုကွဲပြားသူ ၈ ဦးနှင့် ကိုယ်ပိုင်ဖြစ်တည်မှုအား ဖော်ပြလိုခြင်းမရှိသူ ၁ ဦးတို့ ပါဝင်ကြသည်။

| အသက်အရွယ်အလိုက် ဖြစ်စဥ်ဖြစ်ပွားမှုများ | |
|---|---|
| **အသက်အရွယ်** | **ဖြစ်စဥ်စုစုပေါင်း** |
| ၁၈နှစ်အောက် | ၅ |
| ၁၈နှစ်မှ ၂၅နှစ် အတွင်း | ၁၇ |
| ၂၆နှစ်မှ ၃၅နှစ် အတွင်း | ၂၀ |
| ၃၅နှစ် အထက် | ၃၃ |
| **စုစုပေါင်း** | **၇၅** |

လူ့အခွင့်အရေးချိုးဖောက်ခံရမှု ၇၅ ခုတွင် အသက် ၁၈ နှစ်မပြည့်သေးသော ကလေးငယ် ၅ ဦး၊ အသက် ၁၈ မှ ၂၅ အတွင်း လူ ၁၇ ဦး၊ အသက် ၂၆ မှ ၃၅ အတွင်း လူ ၂၀ဦး၊ ၃၅နှစ် အထက် လူ ၃၃ ဦး တို့ ပါဝင်ကြသည်။


| ထိခိုက်လွယ်သော အုပ်စုတွင်ဖြစ်ပွားသော ဖြစ်စဉ်များ | |
|---|---|
| **ထိခိုက်လွယ်သောအုပ်စု** | **ဖြစ်စဉ်စုစုပေါင်း** |
| ကလေးငယ်များ | ၅ |
| သက်ကြီးရွယ်အိုများ | ၁ |
| တိုင်းရင်းသားလူနည်းစုများ | ၁၇ |
| စစ်ဘေးရှောင်များ (IDPs) | ၆ |
| လိင်စိတ်ခံယူမှုကွဲပြားသူများ | ၈ |
| အမျိုးသမီးများ | ၁၆ |
| အခြား | ၂၂ |
| **စုစုပေါင်း** | **၇၅** |

ဤဖြစ်စဉ်များတွင် လူ့အခွင့်အရေးချိုးဖောက်ခံရမှုများသည် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများ၊ တိုင်းရင်းသား လူနည်းစုများ၊ စစ်ဘေးရှောင်များ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် ထိခိုက်လွယ်သော အုပ်စုများကဲ့သို့ ဖယ်ကျဉ်ထားခံရသောအုပ်စုများကို ထိခိုက်စေပါသည်။ ထို့ကဲ့သို့ ဖယ်ကျဉ်ထားခံရသော အုပ်စုများအနက် အမျိုးသမီးများနှင့် တိုင်းရင်းသား လူနည်းစုများသည် ထိခိုက်မှုအများဆုံးဖြစ်ပြီး၊ ကလေးသူငယ်များထိခိုက်မှု ၅ ခု၊ သက်ကြီးရွယ်အိုများ ထိခိုက်မှု ၁ ခု၊ တိုင်းရင်းသား လူနည်းစုများအား ထိခိုက်မှု ၁၇ ခု၊ စစ်ဘေးရှောင်များအား ထိခိုက်မှု ၆ခု၊ လိင်စိတ်ခံယူမှုကွဲပြားသူများထိခိုက်မှု ၈ ခု၊ အမျိုးသမီးများ ထိခိုက်မှု ၁၆ ခု နှင့် အခြားထိခိုက်လွယ်သောအုပ်စုများ ထိခိုက်မှု ၂၂ ခု တို့ ပါဝင်ကြသည်။

| လူ့အခွင့်အရေးချိုးဖောက်ခံမှုဖြစ်စဉ်အမျိုးအစားများ | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်ခံမှုဖြစ်စဉ်အမျိုးအစားများ** | **စုစုပေါင်းဖြစ်စဉ်** |
| အတင်းအဓမ္မဖယ်ရှားမှုများ | ၄ |
| မတရားဖမ်းဆီးချုပ်နှောင်မှုများ | ၃၃ |
| ညှင်းပန်းနှိပ်စက်မှုများ | ၁၈ |
| ကလေးသူငယ်များအပေါ် အန္တရာယ်ရှိသော သက်ရောက်မှုများ | ၃ |
| သတ်ဖြတ်ခြင်းနှင့်အစအနဖျောက်ခြင်းများ | ၈ |
| လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ | ၂ |
| လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်များအား ကန့်သတ်မှုများ | ၄ |
| အခြား | ၃ |
| **စုစုပေါင်း** | **၇၅** |


လူ့အခွင့်အရေးချိုးဖောက်မှုများအား အတင်းအဓမ္မဖယ်ရှားခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ ကလေးသူငယ်များအားအပေါ် အန္တရာယ်ရှိသော သက်ရောက်မှုများ၊ သတ်ဖြတ်ခြင်းနှင့် အစအနပျောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ လွတ်လပ်စွာသွားလာခွင့်များအား ပိတ်ပင်တားဆီးခြင်းနှင့် အခြားသော ကိစ္စရပ်များဟူ၍ အမျိုးအစား ၈ မျိုး ခွဲခြားသတ်မှတ်ထားသည်။ အတင်းအဓမ္မ ဖယ်ရှားခြင်း ဖြစ်စဉ် ၄ ခု၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း ၃၃ ခု၊ ညှင်းပန်းနှိပ်စက်ခြင်း ၁၈၊ ကလေးငယ်များအပေါ် အန္တရာယ်ကျရောက်ခြင်း ၃ ခု၊ သတ်ဖြတ်ခြင်းနှင့် အစအနပျောက်ခြင်း ၈ ခု၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း ၂ ခု၊ လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်များအား ကန့်သတ်ခြင်း ၄ ခုနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ၃ ခု ပါဝင်သည်။ အဖြစ်များသော လူ့အခွင့်အရေး ချိုးဖောက်မှုများသည် မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းနှင့် အစအနပျောက်ခြင်းများ ဖြစ်ကြပါသည်။

**ပြည်နယ်နှင့် တိုင်းအလိုက် လူ့အခွင့်အရေးချိုးဖောက်ခံရမှု ဖြစ်စဉ်အမျိုးအစားများ**





မတရားဖမ်းဆီးချုပ်နှောင်ခြင်းသည် ရခိုင်ပြည်နယ်တွင် အများဆုံးဖြစ်ပွားပြီး အခြားတိုင်းနှင့် ပြည်နယ်များ ဖြစ်သော မန္တလေးတိုင်း၊ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင်လည်း တွေ့ရှိရသည်။ ကချင်ပြည်နယ်တွင် ညှင်းပန်းနှိပ်စက်မှုနှုန်းသည် အမြင့်ဆုံးဖြစ်ပြီး ပဲခူးတိုင်းနှင့် မန္တလေးတိုင်းများတွင်လည်းတွေ့ရသည်။ ကရင်ပြည်နယ်တွင် သတ်ဖြတ်ခြင်းနှင့် အစအနပျောက်မှုများ အများဆုံးဖြစ်ပွားခဲ့ပြီး ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းများတွင်လည်း ဖြစ်ပွားခဲ့ပါသည်။ မန္တလေးတိုင်းတွင် အတင်းအဓမ္မ ဖယ်ရှားမှုများ အများဆုံး ဖြစ်ပွားခဲ့သည်။ ကရင်ပြည်နယ်သည် လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်အား ပိတ်ပင်ခြင်း၊ သတ်ဖြတ်ခံရခြင်းနှင့် အစအနပျောက်ခြင်း စသောဖြစ်စဉ်များ အများဆုံးဖြစ်ပွားခဲ့ပါသည်။

**ကျား/မ အလိုက် လူ့အခွင့်အရေးချိုးဖောက်ခံရမှုဖြစ်စဥ် အမျိုးအစားများ**





အမျိုးသားများနှင့် အမျိုးသမီးများသည် လူ့အခွင့်အရေးချိုးဖောက်ခံရမှု ၈ ခု အနက် ၇ ခု နှင့် ကြုံတွေ့နေရပြီး လိင်စိတ်ခံယူမှုကွဲပြားသူများမှာလည်း မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းနှင့် လွတ်လပ်စွာသွားလာခွင့်များအား ပိတ်ပင်တားဆီးခြင်းများ ကြုံတွေ့နေရသည်။ မတရားဖမ်းဆီးချုပ်နှောင်ခြင်း ဖြစ်စဥ်များသည် အမျိုးသားနှင့်အမျိုးသမီးများ အများဆုံးကြုံတွေ့ရသော လူ့အခွင့်အရေးချိုးဖောက်ခံရမှု ဖြစ်စဥ်များဖြစ်ပြီး လိင်စိတ်ခံယူမှုကွဲပြားသူများသည်လည်း ညှင်းပန်းနှိပ်စက်ခြင်း ကဲ့သို့သော လူ့အခွင့်အရေးချိုးဖောက်ခံရမှု ဖြစ်စဥ်များကိုကြုံတွေ့နေရပါသည်။

**အသက်အရွယ်အလိုက် လူ့အခွင့်အရေးချိုးဖောက်ခံရမှုဖြစ်စဥ်အမျိုးအစားများ**



ကောက်ယူထားသော အချက်အလက်များအပေါ် အခြေခံ၍ လူ့အခွင့်အရေးချိုးဖောက်ခံရမှု အဖြစ်အများဆုံးမှာ အသက် ၃၅ နှစ် အထက်ဖြစ်ပြီး မတရားဖမ်းဆီးချုပ်နှောင်ခံရခြင်းများမှာ အများဆုံးဖြစ်ပွားသည်။ ညှင်းပန်းနှိပ်စက်ခံရမှုနှုန်းမှာ အသက် ၃၅ နှစ် အထက်တွင် အဖြစ်နည်းသော်လည်း အသက် ၁၈ နှစ် နှင့် ၂၅ နှစ် အတွင်း လူငယ်များတွင် အများဆုံးကြုံတွေ့ရသည်။ အသက် ၃၅ နှစ် အထက်များသည် အတင်းအဓမ္မ ဖယ်ရှားမှုများနှင့် ကြုံတွေ့နေရပြီး အသက် ၁၈ နှစ်အောက် ကလေးများသည်လည်း အန္တရာယ်ရှိသော သက်ရောက်မှုများဖြင့် ကြုံတွေ့ရသည်။ သတ်ဖြတ်ခံရခြင်းနှင့် အစအနပျောက်ခြင်း ဖြစ်စဉ်များသည် အသက် ၁၈နှစ် နှင့် ၂၅ နှစ်ကြားရှိ လူငယ်များ အများဆုံးကြုံတွေ့နေရသည် ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် အသက် ၂၆ နှစ် နှင့် ၃၅ နှစ် အကြား လူငယ်များနှင့် အသက် ၃၅ နှစ်အထက် လူများ အများဆုံးကြုံတွေ့ရသည်။

**ထိခိုက်လွယ်သော အုပ်စုများအလိုက် လူ့အခွင့်အရေးချိုးဖောက်ခံရမှုဖြစ်စဉ်များ**




မတရားဖမ်းဆီးချုပ်နှောင်ခြင်း ဖြစ်စဉ်များသည် ထိခိုက်လွယ်သောအုပ်စုများရှိ အမျိုးသမီးများက အများဆုံး ထိခိုက်ခံရပြီး တိုင်းရင်းသား လူနည်းစုအုပ်စုများသည်လည်း ချိုးဖောက်ခံနေရပါသည်။ ထိခိုက်လွယ်သောအုပ်စု ဖြစ်သည့် လိင်စိတ်ခံယူမှုကွဲပြားသူများသည် ညှင်းပန်းနှိပ်စက်ခံရခြင်းဖြစ်စဉ်များတွင် အများဆုံး ချိုးဖောက်ခံရသည်။ အတင်းအဓမ္မ ဖယ်ရှားခြင်းဖြစ်စဉ်များသည် အမျိုးသမီးများ အများဆုံးချိုးဖောက်ခံနေရပြီး အခြားတိုင်းရင်းသား လူနည်းစုများသည်လည်း သတ်ဖြတ်ခြင်းနှင့် အစအနပျောက်ခြင်း အစရှိသော ဖြစ်စဉ်များဖြင့် ချိုးဖောက်ခံနေရပါသည်။ လိင်စိတ်ခံယူမှုကွဲပြားသူအုပ်စုများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်း ဖြစ်စဉ်များနှင့် ရင်ဆိုင်နေရပြီး လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်အား ပိတ်ပင်ခြင်းနှင့် အခြားသော လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများသည် တိုင်းရင်းသားလူနည်းစုများ ရင်ဆိုင်တွေ့ကြုံနေရသောဖြစ်စဉ်များ ဖြစ်ကြသည်။

## ၄။ စိန်ခေါ်မှုများ

စစ်အာဏာသိမ်းမှုသည် အထူးသဖြင့် လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် ဒီမိုကရေစီမြှင့်တင်ခြင်း လုပ်ငန်းများကို လုပ်ဆောင်နေသော အရပ်ဖက်လူ့အဖွဲ့အစည်းများအပေါ်တွင် ဆိုးကျိုးများစွာ သက်ရောက်စေသည်။ တရားဝင်မှု၊ ငွေကြေးပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် လုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများသည် အရပ်ဖက်လူ့အဖွဲ့အစည်းများ ရင်ဆိုင်နေရသော ကိစ္စရပ်များဖြစ်ကြသည်။ စစ်အာဏာသိမ်းပြီး ကာလများတွင်လည်း လူအခွင့်အရေးတက်ကြွလှုပ်ရှားသူများ၏ ရပိုင်ခွင့်များအား သိမ်းပိုက်ခံရမှုများကြောင့် မြန်မာနိုင်ငံရှိ အရပ်ဖက်အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများသည် အားနည်းလာခဲ့သည်။ အရပ်ဖက်အဖွဲ့အစည်းများ အနေဖြင့် တရားဝင်အဖွဲ့အစည်း မှတ်ပုံတင်သွင်းထားသော်လည်း စီမံကိန်းများ၏ လုပ်ငန်းစဥ်အား တစ်နိုင်ငံလုံးတွင် လွတ်လပ်စွာ လုပ်ကိုင်ခွင့်မရသည့် အခြေအနေ သို့မဟုတ် ထောက်ပံ့ငွေကြေးများအား ဘဏ်အကောင့်များမှ လက်ခံနိုင်ခွင့်မရှိသည့် အခြေအနေများအပြင် အရပ်ဖက်အဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဥပဒေအား ပြဋ္ဌာန်းထားသော်လည်း အကန့်အသတ်အတားအဆီးများ ထည့်သွင်းရေးဆွဲထားသည်။ အရပ်ဖက်အဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ဆောင်ခြင်းနှင့်ပတ်သက်၍လည်း တရားဥပဒေအရ အကာအကွယ်ပေးထားခြင်း မရှိပါ။ အရပ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သည့် ဖွံ့ဖြိုးမိတ်ဖက် (မြန်မာ)သည်လည်း တရားဝင်ဖြစ်မှု၊ စီမံကိန်းများ အကောင်အထည်ဖော်လုပ်ဆောင်နိုင်မှု၊ ငွေကြေးပိုင်းဆိုင်ရာ ကိစ္စရပ်များ၊ စေ့စပ်ညှိနှိုင်းမှုများနှင့် တာဝန်ယူမှု၊ တာဝန်ခံနိုင်မှု အပိုင်းများတွင် စိန်ခေါ်မှုများစွာ ကြုံတွေ့နေရပါသည်။ ထို့ပြင် လူငယ်တက်ကြွလှုပ်ရှားသူများသည်လည်း ဖြစ်စဥ်များအား ကောက်ယူရာတွင် လုံခြုံရေးဆိုင်ရာ စိုးရိမ်ချက်များ၊ ကျူးလွန်ခံရသူများအကြား ယုံကြည်မှုအားနည်းခြင်းနှင့် မေးခွန်းများမေးမြန်းရန်အတွက် လုံခြုံစိတ်ချရသော နေရာများရွေးချယ်စီစဥ်ရခြင်း အစရှိသော စိန်ခေါ်မှုများ ရှိခဲ့ပါသည်။

## ၅။ တွေ့ရှိချက်များ

ကောက်ယူထားသော ဖြစ်စဥ်များအရ -

- ကျူးလွန်ခံရသူများသည် ခြိမ်းခြောက်ခံရခြင်း၊ မတရားဖမ်းဆီးချုပ်နှောင်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခံရခြင်းများ ကြုံတွေ့နေရသည်။
- ကျူးလွန်ခံရသူများသည် ဖမ်းဆီးထိန်းသိမ်းခံနေရစဥ်အတွင်း စစ်တပ်နှင့်ရဲအရာရှိများ၏ ငွေညှစ်ခြင်း၊ လာဘ်ပေး လာဘ်ယူလုပ်ခြင်း ကိစ္စရပ်များနှင့် ကြုံတွေ့နေရပါသည်။
- ဖမ်းဆီးထိန်းသိမ်းခံနေစဥ်ကာလအတွင်း ကျူးလွန်ခံရသူများသည် ကိုယ်ထိလက်ရောက် နှိပ်စက်မှုများ၊ နှုတ်ဖြင့် ဆဲဆိုမှုများ နှင့် လိင်ပိုင်ဆိုင်ရာ အမြတ်ထုတ်ခံရမှုများ အစရှိသော ညှင်းပန်းနှိပ်စက်မှု ဒဏ်များကိုလည်း ခံနေရပါသည်။
- အကြောင်းကြားခြင်းမရှိပဲ ပြည်သူများသည် နေအိမ်များ ဖြိုချဖျက်ဆီးခံရခြင်းနှင့် အင်အားသုံး ရွှေ့ပြောင်းခိုင်းမှုများ ကြုံတွေ့နေရပါသည်။
- ပြည်သူများ၏ အိုးအိမ်များအား ရည်ရွယ်ချက်ရှိရှိ မီးရှို့ဖျက်ဆီးခံနေရသည်။
- တရားစွဲဆိုခံထားရသူအများစုမှာ ရာဇသတ်ကြီးပုဒ်မ ၅၀၅ (က) ဖြင့် စွဲဆိုခံထားရသည်။

- စစ်သားများ၊ ရဲအရာရှိများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကျူးလွန်နေကြသူများဖြစ်ကြသည်။
- ကျူးလွန်ခံရသူများသည် ညှင်းပန်းနှိပ်စက်ခံရမှု၏ နောက်ဆက်တွဲ အကျိုးဆက်များဖြစ်သော စိတ်ပိုင်းဆိုင်ရာပြဿနာများ၊ စိတ်မလုံမခြုံဖြစ်မှုများနှင့် အိပ်မပျော်သော ရောဂါများကို ခံစားနေရပါသည်။
- ဖမ်းဆီးထိန်းသိမ်းခံနေရစဉ် ကာလအတွင်း ညှင်းပန်းနှိပ်စက်မှုများကြောင့် ကိုယ်ခန္ဓာချို့ယွင်းသွားသူများ လည်း ရှိပါသည်။
- အချို့သူများသည် မကျန်းမာသည့် အနေအထားနှင့်ပင် ထောင်ဒဏ် ၁၀ နှစ်မှ ၃၀ နှစ် အထိ ချမှတ်ခံရသူများလည်း ရှိပါသည်။
- ပြစ်ဒဏ်ကျခံရသူများသည် ထောင်တွင်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် အစာရေစာ ထောက်ပံ့မှုများ မရရှိပါ။
- အတင်းအဓမ္မဖယ်ရှားမှုများကြောင့် ကျူးလွန်ခံရသူများသည် ရရာနေရာများတွင် ယာယီအမိုးအကာများနှင့် ဖြစ်သလို နေကြရသည်။
- ကျူးလွန်ခံရသူများသည် တရားမျှတမှုရှိရေး၊ လျော်ကြေးငွေရရှိရေးနှင့် တရားမျှတမှုဆိုင်ရာ အကူအညီများအား အဖွဲ့အစည်းများမှ ကူညီပေးစေလိုပါသည်။

**ကျူးလွန်ခံရသူများ၏ အသံများ**

*ကျွန်ုပ်တို့တွင် တရားမျှတမှု နှင့် တာဝန်ယူမှုများ လိုအပ်နေပါသည်။ လူ့အခွင့်အရေး ချိုးဖောက်သူများအနေဖြင့် သူတို့ရဲ့ လုပ်ရပ်တွေအတွက် တာဝန်ယူရပါမယ်......*

**လိင်စိတ်ခံယူမှုကွဲပြားသူတစ်ဦး**

*ကျွန်မအမျိုးသားက ကျွန်မသားသမီးတွေနဲ့ ကျွန်မမျက်စိရှေ့မှာပဲ ပစ်သတ်ခံလိုက်ရတာပါ။ ကျွန်မကလေးမှာ အကြောက်လွန်ပြီး အသက်တောင် မရှုနိုင်တဲ့အထိ ဖြစ်ခဲ့ပါတယ်။ စစ်ကောင်စီမှ စစ်သားတွေက ကျွန်မတို့အိမ်ကိုလဲ ဖျက်ဆီးသွားပါတယ်။ စစ်ဘေးရှောင်တစ်ယောက်အနေနဲ့ ကျွန်မ ဘယ်သူ့ကိုမှ အကူအညီတောင်းလို့ မရခဲ့ပါဘူး။ အခုဆိုရင် ကျွန်မတို့ မိသားစုမှာ စားဝတ်နေရေးနဲ့ ကလေးတွေကို စောင့်ရှောက်နိုင်ဖို့ အတော် ရုန်းကန်နေရပါတယ်။ ကျွန်မတို့မှာ အစာရေစာပြတ်လပ်မှုဒဏ်ကိုလည်း ခံစားနေရပါတယ်.........*

**စစ်ဘေးရှောင် အမျိုးသမီး တစ်ဦး**

*စစ်ဘေးရှောင်များ အနေဖြင့် လတ်တလောတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများ အရေးတကြီးလိုအပ်နေပါတယ်။ စစ်ဘေးရှောင်စခန်းတွေမှာ နေရသည့်အတွက် ကျွန်တော့်သားမှာ ကျောင်းမတက်နိုင်ပဲ ပညာသင်ခွင့်အခွင့်အလမ်းတွေ ဆုံးရှုံးနေရပါတယ်.......*

**စစ်ဘေးရှောင် အမျိုးသားတစ်ဦး**

*စစ်ကြောရေးမှာ စစ်သားတွေက ကျွန်တော့ကို သံပြားပူပေါ်တွင် လှဲခိုင်းပီးနှိပ်စက်ပါတယ်။ ကျွန်တော့ မျက်နှာနဲ့ ဖိုက်တွေလဲ အကန်ခံရပါတယ်….*

**အမျိုးသားတစ်ဦး**

*ကျွန်တော် ၅၀၅ (က) နဲ့ အဖမ်းခံခဲ့ရပါတယ်။ ပြန်လွတ်လာပေမဲ့လည်း ထပ်ပြီးအဖမ်းခံရမလား ဆိုပြီး စိုးရိမ်နေခဲ့ပါတယ်။ ထောင်ကနေပြန်ထွက်လာတော့ အလုပ်ရှင်က ကျွန်တော့ကို အလုပ်ပြန်မခန့်ခဲ့ပါဘူး။ ကျွန်တော့်အတွက် အလုပ်ပြန်ဖို့ အတော်ခက်ခဲခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အခုလို ကြုံတွေ့နေရတဲ့ သူတွေအတွက် နိုင်ငံတကာအကူအညီများ လိုအပ်ပါတယ်……..*

**အမျိုးသားတစ်ဦး**

*စစ်အာဏာသိမ်းမှုကို ဆန့်ကျင့် ဆန္ဒပြခဲ့လို့ အဖမ်းခံခဲ့ရပါတယ်။ အဖမ်းခံနေရစဥ်အတွင်း သူတို့ရဲ့ နေ့တိုင်း ညှင်းပန်းနှိပ်စက်မှုတွေက ကျွန်တော့ မှတ်ဉာဏ်ထဲမှာ အခုချိန်ထိ အိပ်မက်ဆိုးတွေလို မှတ်မိနေတုန်းပါပဲ…..*

**အမျိုးသားတစ်ဦး**

*ကျွန်တော်တို့ တစ်ရွာလုံးမီးရှို့ဖျက်ဆီးခံခဲ့ရပါတယ်။ ပိုင်ဆိုင်သမျှတွေ အကုန် ဆုံးရှုံးသွားခဲ့ရပါတယ်။ ကျွန်တော်တို့မှာ ဖြစ်သလိုထွက်ပြေးလာရပြီး ကိုယ့်နယ်မြေမှာပဲ ဒုက္ခသည်တွေ ဖြစ်ခဲ့ရပါတယ်……*

**စစ်ဘေးရှောင်တစ်ဦး**

*ကျွန်တော်မှာ ဘာပြစ်မှုမှမရှိပဲ အဖမ်းခံခဲ့ရတယ်။ အရိုက်ခံ နှိပ်စက်ခံရပြီးစစ်ဆေးရေးတွေလုပ်ကြတယ်။ ကျွန်တော် မကျူးလွန်တဲ့ အမှုတွေကိုလည်း အတင်းဝန်ခံခိုင်းခဲ့ပါတယ်……*

**အမျိုးသားတစ်ဦး**

*ကျွန်မရဲ့ အိမ်၊ ကျွန်မရဲ့ ချစ်ရသူတွေနဲ့ ကျွန်မတို့ရဲ့ လုံခြုံရေးတွေ အကုန် ဆုံးရှုံးခဲ့ရတယ်။ ကျွန်မတို့ ရွာကို စစ်တပ်က ဝင်စီးလို့ ကျွန်မတို့မှာ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ထွက်ပြေးလာရပါတယ်……..*

**စစ်ဘေးရှောင်အမျိုးသမီးတစ်ဦး**

*စစ်တပ်က ကျွန်တော်တို့ ရွာကို ဝင်စီးပြီး ရွာကနေ ကျွန်တော်တို့ကို ဖယ်ခိုင်းတယ်။ ကျွန်တော်တို့ အိမ်တွေနဲ့ စပါးတွေကိုလဲ ဖျက်ဆီးပစ်ကြပြီး ကျွန်တော်ကို အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ ထွက်ပြေးခိုင်းပါတယ်…….*

**စစ်ဘေးရှောင်အမျိုးသားတစ်ဦး**

*ဘိုးဘေးစဥ်ဆက်နေလာတဲ့ နေရာကနေ စစ်တပ်က ကျွန်မတို့ကို နှင်ထုတ်ခဲ့တယ်။ ကျွန်မတို့မှာ ဘာမှ မကျန်တော့ပါဘူး….. ကျွန်မတို့ရဲ့ လယ်ယာတွေအကုန် ဖျက်ဆီးလိုက်ကြတယ်လေ……..*

**အမျိုးသမီးတစ်ဦး**

## ၆။ အကြံပြုချက်များ

**အရပ်ဖက်လူမှုအဖွဲ့အစည်းများ ( ဖွံ့ဖြိုးမိတ်ဖက် မြန်မာ)**

- လူအခွင့်အရေးဆိုင်ရာ လှုံ့ဆော်ခြင်းများနှင့် စာတမ်းပြုစုခြင်းများတွင် လူငယ်တက်ကြွလှုပ်ရှားသူများကို ဆက်လက် ပညာပေးရေးနှင့် လက်ရှိအခြေအနေနှင့်အညီ လူမှုတရားမျှတရေး အသိပညာပေး လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်သင့်သည်။
- လူငယ်တက်ကြွလှုပ်ရှားသူများနှင့် လူအခွင့်အရေး ကာကွယ်သူများအား ဒစ်ဂျစ်တယ်နှင့် ရုပ်ပိုင်းဆိုင်ရာ လုံခြုံရေးသင်တန်းများပေးသင့်သည်။
- လူငယ်တက်ကြွလှုပ်ရှားသူများနှင့် အဖွဲ့အစည်းဝန်းထမ်းများအား အရေးပေါ်အခြေနေ စီမံခန့်ခွဲမှု သင်တန်းများ ပို့ချသင်သည်။
- လူငယ်ကွန်ယက် အားကောင်းစေရန်နှင့် တရားမျှတမှု ဖော်ဆောင်သော မိတ်ဖက်အဖွဲ့အစည်းများ ရှိရန်လိုအပ်ပါသည်။
- အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအပါအဝင် အကြမ်းဖက်မှု ပဋိပက္ခ များတွင် ကျူးလွန်ခံရသူများ၏ စိတ်ပိုင်းဆိုင်ရာအခြေအနေများအတွက် စိတ်ပိုင်းဆိုင်ရာပံပို့ကူညီမှုများနှင့် ပြောဆိုဆွေးနွေးနှစ်သိမ့်ခြင်း လုပ်ငန်းစဥ်များအား ထောက်ပံ့ပေးသင့်သည်။
- အမိကကျသော ကွန်ယက်ချိတ်ဆက်မှုများအတွက် အင်တာနက်ဒေတာ၊ ဖုန်းဆင်းကတ်များ၊ ဖုန်းများ၊ VPN၊ လုံခြုံသော Email များ အစရှိသော ဆက်သွယ်သွားလာစရိတ်များ ထောက်ပံ့သင့်သည်။
- တရားမျှတရေး နည်းစနစ်များနှင့် လူ့အခွင့်အရေးကာကွယ်ခြင်း ယန္တယားများ အပြင် ကိုယ်ပိုင်တစ်ဦးချင်းစီ၏ သတင်းအချက်အလက် ကာကွယ်မှုနည်းလမ်းများ (အွန်လိုင်း/ လူတွေ့) အား အကြံပေးခြင်းနှင့် ပံ့ပိုးကူညီမှုများ လိုအပ်ပါသည်။

**နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ကူညီထောက်ပံ့သူများ**

- အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် စိတ်ချလုံခြုံသောနေရာများတွင် ပြုလုပ်သော လုပ်ငန်းစဥ်များအား အကဲဖြတ်မှု တည်ဆောက်ပုံများနှင့် လိုက်လျောညီထွေမှုရှိစေရန်
- အရပ်ဖက်အဖွဲ့အစည်းများ ရင်ဆိုင်နေရသော လုံခြုံရေး အခက်အခဲများအားလျော့ချရန် ငွေကြေးနှင့် အစီရင်ခံစာ လိုအပ်ချက်များအား ပိုမို လိုက်လျောညီထွေမှုရှိပေးရန်
- ငွေကြေးဆိုင်ရာ အပါအဝင် အရပ်ဖက် အဖွဲ့အစည်းများ၏ ဒစ်ဂျစ်တယ် လုံခြုံရေးဆိုင်ရာများ တိုးမြှင့်ရာတွင် အကူအညီပေးရေး သို့မဟုတ် ဒစ်ဂျစ်တယ်လုံခြုံရေးဆိုင်ရာ သင်တန်းများ ပြုလုပ်ပေးခြင်းနှင့် လုံခြုံစိတ်ချရသော ဆက်သွယ်ရေး ကွန်ယက်များ၊ email များ၊ စက်ကိရိယာများ ဝယ်ယူသုံးစွဲမှုအား ထောက်ပံ့ပေးရန်

- လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုများ၊ လိင်ပိုင်းဆိုင်ရာနှောက်ယှက်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး အစရှိသော လုပ်ငန်းစဉ်များတွင် ထောက်ပံ့ပေးရန်
- အရေးပေါ်စားနပ်ရိက္ခာ၊ ငွေကြေးနှင့် အမိုးအကာများ ပြောင်းရွှေ့ခြင်းနှင့် အသက်မွေးကြောင်းဆိုင်ရာ ဆုံးရှုံးမှုများလျှော့ပါးစေရေး လုပ်ငန်းစဉ်များတွင် ထောက်ပံ့ပေးရန်
- လူ့အခွင့်အရေးချိုးဖောက်မှုဖြစ်စဉ်များအား မှတ်တမ်းတင်နိုင်ရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်များအား လေ့လာစောင့်ကြည့်သည့် လုပ်ငန်းစဉ် ယန္တယားအတွက် ထောက်ပံ့ပေးရန်
- အရပ်ဖက်အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်လက်တည်ရှိနိုင်ရေးအတွက် ထောက်ပံပေးရန်